# သခင့်စကား The LORD's Word

မင်းအောင်သက်လွင်စီစဉ်ထုတ်ဝေသည် ဝိညာဉ်ရေးရာစာစောင်

ငါတို့ အဖို့ ဤကျမ်းစာ၌ ရေးထားသမျှသော စကားတို့ကို ဘိုးဘေးတို့သည် နားမထောင် မကျင့်ဘဲ နေသောကြောင့် ထာဝရဘုရားသည် ငါတို့၌ ပြင်းစွာ အမျက် ထွက်တော်မူလိမ့်မည်။ ၄ရာ ၂၂:၁၃

အမှတ်စဉ် (၁၈၃) နိုဝင်ဘာလ ၂၀၁၆ ခုနှစ် ဇမ္ဗူဒါန (လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချိသည် ) ၂၀၀၁ ခုနှစ်တွင် တည်ထောင်သည်။ Est; September 2001


## ဖြုတ်ထားလိုက်ပါ မင်းအောင်သက်လွင်



ဖက်ရှင်ထွင် အလှဆင်ဖို့ သက်သက်ဘဲ ဂုတ်ဆင်ထားတယ်ဆိုရင်-
မိတ်ဆွေရဲ့ လည်တိုင်က ရွှေကားတိုင်လေး ကျေးဇူးပြု၍ ဖြုတ်ထားလိုက်ပါ။
မွေးနေ့ပွဲ မင်္ဂလာပွဲ နာရေးပွဲ ဧည့်ခံပွဲတွေဘဲ ကျင်းပဖို့ ဆိုရင် -
မိတ်ဆွေရဲ့ ဘုရားကျောင်းထိပ်က ကားတိုင်လေး ကျေးဇူးပြု၍ ဖြုတ်ထားလိုက်ပါ။
တွေ့ဆုံပွဲ နှီးနှောပွဲ ဘာသာရေးပွဲလမ်းသဘင်တွေချည်းဘဲ ကျင်းပဖို့ ဆိုရင် -
မိတ်ဆွေရဲ့ ခန်းမထက်က ကားတိုင်လေး ကျေးဇူးပြု၍ ဖြုတ်ထားလိုက်ပါ။
ပေါ်ပြူလာ စတား လူလည်ခေါင်မှာ ဂါကြွားဖို့ သက်သက်ဘဲဆိုရင်-
မိတ်ဆွေရဲ့ တီရှပ် ထက်က ကားတိုင်လေး ကျေးဇူးပြု၍ ဖြုတ်ထားလိုက်ပါ။



အသင်းတော်လို့ နာမည်ထိုးထားပေမဲ့ လူမျိုးရေးသက်သက်ဦးစားပေးနေသေးရင်-
မိတ်ဆွေရဲ့ အသင်းတော်ထက်က ကားတိုင်လေး ကျေးဇူးပြု၍ ဖြုတ်ထားလိုက်ပါ။
ယုံကြည်သူလို့ အမည်ခံထားပေမဲ့ ငွေရဖို့စီးပွားရေး သက်သက်ဘဲဆိုရင် -
မိတ်ဆွေရဲ့ ကုမ္ပဏီဆိုင်းဘုတ်ထက်က ကားတိုင်လေး ကျေးဇူးပြု၍ ဖြုတ်ထားလိုက်ပါ။
တရားဟောဆရာလို့ နာမည်ခံထားပေမဲ့ ပေါ်ပြူလာစတား နာမည် ကျော်ကြားဖို့ သက်သက်ဘဲ လုပ်စား နေတယ်ရင်-
မိတ်ဆွေရဲ့ ရင်ဘတ် ထက်က ကားတိုင်လေး ကျေးဇူးပြု၍ ဖြုတ်ထားလိုက်ပါ။
အသင်းတော်လို့ ဆိုင်းဘုတ်တင်ထားပေမဲ့ လူတန်းစား တစ်မျိုးတည်း ကောင်းစားရေး ကို ဦးတည်နေတယ်ဆိုရင် -
မိတ်ဆွေရဲ့ ဘုရားကျောင်း ထက်က ကားတိုင်လေး ကျေးဇူးပြု၍ ဖြုတ်ထားလိုက်ပါ။
လူကြိုက်များဖို့နဲ့ ငွေ ရဖို့ သက်သက်ဘဲ ဆိုရင် -
မိတ်ဆွေရဲ့ Band ထိပ်က ကားတိုင်လေး ကျေးဇူးပြု၍ ဖြုတ်ထားလိုက်ပါ။
သေသွားပြီးမှ ဘယ်ဘာသာဝင်မှန်းမသိလို့လူမြင်ကောင်းရုံလေးလုပ်ပေးတာပါဆိုရင်-
မိတ်ဆွေရဲ့ အုတ်ဂူ(မြေပုံ)ထက်က ကားတိုင်လေး ကျေးဇူးပြု၍ ဖြုတ်ထားလိုက်ပါ။
ကားတိုင်ဆိုတာ - လုပ်စား၊ ပြစား၊ ရိုက်စား၊ ခွင်ဖန်စားပြီး ငွေရှာ ဖို့ လာဘ်ကောင် မဟုတ်ဘူး။
ကားတိုင်ဆိုတာ - ဖက်ရှင်ဒီဇိုင်း အပြင်အဆင်အတွက် လက်ဂုတ် ရတနာ မဟုတ်ဘူး။
ကားတိုင်ဆိုတာ - ကုမ္ပဏီ လိုဂို၊ အဖွဲ့အစည်း အမှတ်တံဆိပ် မဟုတ်ဘူး။



ဧည့်ခန်းမှာ အလှချိတ် မှန်ဘောင်သွင်းဖို့ ပရိဘောဂ ပန်းချီကားချပ် မဟုတ်ဘူး။
လူမျိုးရေး ပြယုဂ် မဟုတ်ဘူး။ ဖက်ရှင်ဒီဇိုင်း အတွက် မော်ဒယ် မဟုတ်ဘူး။
ဘာသာရေး အမှတ်အသား မဟုတ်ဘူး။ လည်တိုင်မှာ အလှဆင်ဖို့ လက်ဂုတ် ရတနာ မဟုတ်ဘူး။ အမှတ်တရ ကျောက်တိုင် မဟုတ်ဘူး။
စီးပွားရေး စားကျက် မဟုတ်ဘူး။ နိုင်ငံရေး လှည့်ကွက် မဟုတ်ဘူး။
ဘုရားကျောင်း အဆောက်အဦမှာ မဖြစ်မနေ တပ်ရမဲ့ ဆူးလစ်မွန်းချွန် မဟုတ်ဘူး။
မိတ်ဆွေတို့ရဲ့ လိုဘ နဲ့ လောဘ အတွက်ဘဲ စဉ်းစားနေတယ်ဆိုရင် -
မိတ်ဆွေရဲ့ ဦးကျောက်ခေါင်း အသိထဲက ကားတိုင်လေး ကျေးဇူးပြု၍ ဖြုတ်ထား လိုက်ပါ။
အဘယ်ကြောင့်ဆိုသော်၊ ကားတိုင် ဆိုသည်မှာ -
လူသားများရဲ့ ယုတ်ညံ့ခြင်းနဲ့ ဘုရားသခင်ရဲ့ ကောင်းမြတ်ခြင်းကို ဖော်ညွှန်းတာ ဖြစ် တယ်။
ကားတိုင်ဆိုတာ - အပြစ်သားနဲ့ ဘုရား အကြား ပေါင်းကူး တံတား ဖြစ်တယ်။
အပြစ်သားတွေ အတွက် အပြစ် မဲ့တဲ့ သခင်ဘုရား အသေခံရာ နေရာနဲ့ ကောင်းကင် တံခါးဂ ဖြစ်နေလို့ပါဘဲ။ ။ မင်းအောင်သက်လွင်



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်၊ အမှတ်စဉ် ၁၈၃ နိုဝင်ဘာလ ၂၀၁၆ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့် မိတ်သဟာယအဖွဲ့များ အတွင်း အခမဲ့ ဖြန့်ချိရန် ၈၅၃၀ ထုတ်ဝေသည်။

သခင့်စကား
The LORD's Word
မင်းအောင်သက်လွင်စီစဉ်ထုတ်ဝေသည် ဝိညာဉ်ရေးရာစာစောင်

ငါတို့ အဖို့ ဤကျမ်းစာ၌ ရေးထားသမျှသော စကားတို့ကို ဘိုးဘေးတို့သည် နားမထောင် မကျင့်ဘဲ နေသောကြောင့် ယာဝေရဘုရားသည် ငါတို့၌ ပြင်းစွာ အမျက် ထွက်တော်မူလိမ့်မည်။ ၄ရာ ၂၂:၁၃

အမှတ်စဉ် (၁၈၃) နိုဝင်ဘာလ ၂၀၁၆ ခုနှစ် စမ္ပဒါန (လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ဖြန့်ချိသည် ) ၂၀၀၁ ခုနှစ်တွင် တည်ထောင်သည်။ Est; September 2001

## အသိနဲ့အသီး

Saw Z Net

# အသိနဲ့အသီး





ကယ်တင်ခြင်း ရပြီး အသိ နဲ့သွားတဲ့ အသက်တာ လား။
ယေရှုခရစ်တော် ရပြီး ဝိညာဉ်အသီး သီးတဲ့ အသက်တာ လား။
(ဂလာတိ ၅း၂၂-၂၃)

ငါ သိတယ်။ ငါ တတ်တယ် ဆိုရင်၊ ယေရှုခရစ်တော် ဘာမှ လုပ်လို့မရပါ။
ငါ ဘာမှ မဟုတ်ပါလား ဆိုတာ သိမှ၊ ဂန်ခံမှ ကိုယ်တော် 100% လုပ်ပေးလို့ရမှာ။
ကိုယ် ဘယ်နေရာမှာ ရှိလဲ ဆိုတာ အရေး မကြီးဘူး။
ကိုယ် ဘယ်သူနဲ့ ရှိလဲ ဆိုတာ အရေး ကြီးတယ်။
ကယ်တင်မဲ့ အရှင် သခင် ယေရှုခရစ်တော်၌ ရှိဖို့လိုအပ်တယ်။
(ခရစ်တော်၌ မရှိဘဲ ခရစ်တော်၌ အိပ်ပျော်ဖို့ဆိုတာ ဖြစ်နိုင်ပါ့မလား။)

[လူအပေါင်းတို့သည် ကယ်တင်ခြင်းသို့ ရောက်၍ သမ္မာတရားကို သိစေခြင်းငှာ ဘုရားသခင် အလိုတော်ရှိ၏။ ၁တိ ၂း၄။]

မိတ်ဆွေ ကယ်တင်ခြင်း ရပြီးရုံနဲ့ မပြီးဘူး။ သမ္မာတရား (ယေရှု ခရစ်တော်)
ကို သိပြီး လိုက်လျှောက်ဖို့အတွက် ဘုရား အလိုရှိတယ်။ ယော ၁၅း၅
သူနဲ့ ကွာရင်တော့ အချည်းအနှီးဘဲ။ ။ Saw Z Net


သခင့်စကား
The LORD's Word
မင်းအောင်သက်လွင်စီစဉ်ထုတ်ဝေသည် ဝိညာဉ်ရေးရာစာစောင်

ငါတို့ အဖို့ ဤကျမ်းစာ၌ ရေးထားသမျှသော စကားတို့ကို ဘိုးဘေးတို့သည် နားမထောင် မကျင့်ဘဲ နေသောကြောင့် ထာဝရဘုရားသည် ငါတို့၌ ပြင်းစွာ အမျက် ထွက်တော်မူလိမ့်မည်။ ၄ရာ ၂၂း၁၃

အမှတ်စဉ် (၁၈၃) နိုဝင်ဘာလ ၂၀၁၆ ခုနှစ် ဧမ္မာနွေလ (လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချိသည်) ၂၀၀၁ ခုနှစ်တွင် တည်ထောင်သည်။ Est; September 2001

# ဆရာသို့

## ဆရာသို့ [Mary ဖျာပုံ]




အကျွန်ုပ် ခန္ဓာ ဂိညာဉ်အစာဟာ ။
နှုတ်ကပါတ်တော် ထို သမ္မာကျမ်းစာမို့
ယနေ့ခေတ်အခါ ကာလ ဆိုလို့ ။
ခဲယဉ်း ဆိုးယုတ် ကာလကြားက
အချိန်အခါ အခွင့်ရ ရှင်းလင်းဖွင့်ဟ ၊
မှန်ကြောင်းတရား သိထားစေဖို့
ဆင်ခြင်နှလုံးသား လိုက်လျှောက်စေဖို့ ၊
လေ့လာကျက်မှတ် ဝေငှစေဖို့
အားတက် သင်ကြား အမှုတော်ထားသော ၊
သင်ကြား ဆရာ အား ကျေးဇူးတရား
အကျွန်ုပ် နှလုံးသားမှာ ဘယ်သောအခါမှ မမေ့ပါ။
အကျွန်ုပ် အစဉ် မြတ်ဆရာကိုပင် ၊
ထာဝရ ဘုရားရှင် ကျေးဇူးကရုဏာ
မေတ္တာသက်ဖို့ ယေရှုနာမ ၊
ဘုန်းတော်မြတ်၌ တိုးဂင်ချဉ်းကပ်
ဆုတောင်းပေးမည် သင်ဆရာ အပေါ် -
ကိုယ်တော် ကောင်းကြီး အစဉ် ကျပါစေသော။
ဟာယလေလုယာ အာမင်။ ။


သခင့်စကား ဝိညာဉ်ရေးရာ စာစောင်၊ အမှတ်စဉ် ၁၈၃ နိုဝင်ဘာလ ၂၀၁၆ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့် မိတ်သဟာယအဖွဲ့များ အတွင်း အခမဲ့ ဖြန့်ချိရန် ၈၅၃၀ ထုတ်ဝေသည်။

